# အချက်အလက် စာရွက်

## Community Integration and Habilitation Waiver
## လူ့အသိုင်းအဝိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘဝတည်ဆောက်ရေး သက်ညှာခွင့်အစီအစဉ် အကြောင်း

Division of Disability and Rehabilitative Services
Bureau of Developmental Disabilities Services

Medicaid Home-and Community-Based Services Waiver အိမ်နှင့်လူ့အသိုင်းအဝိုင်းကို အခြေခံသော မယ်ဒီကိတ်၏ သက်ညှာခွင့် အစီအစဉ်သည် ကလေးများနှင့် အသက်ပြည့်သူများအား ကိုယ်ပိုင်အိမ်နှင့် လူစုအသိုင်းအဝိုင်းတွင် အောင်မြင်စွာ နေထိုင်နိုင်ရန်အတွက် လူကိုဗဟိုပြုသော တစ်ဦးချင်း ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသည်။ Community Integration and Habilitation Waiver အစီအစဉ်သည် ဉာဏ်စွမ်းရည်ဆိုင်ရာ မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် သက်ဆိုင်ရာရောဂါ အခြေအနေ ရှိသောကလေးများနှင့် အသက်ပြည့် သူများကို Bureau of Developmental Disabilities Services အဖွဲ့ မှ အင်ဒီယားနား မယ်ဒီကိတ်၏ အိမ်နှင့် လူအများနေထိုင်ရာ နေရာအခြေခံသော ဝန်ဆောင်မှုနှစ်မျိုးထဲမှ တစ်မျိုးဖြစ်သည်။

### မိမိအနေနှင့် သတ်မှတ်ချက်နှင့် ကိုက်ညီပါသလား။

Community Integration and Habilitation Waiver အစီအစဉ် ရရှိရန်အတွက် သင့်အနေနှင့် အသက် 22 နှစ်မပြည့်ခင် ဉာဏ်စွမ်းရည်ဆိုင်ရာ မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် သက်ဆိုင်ရာ ရောဂါအခြေအနေ ရှိကြောင်း ဆေးစစ်တမ်း ရှိရမည်ဖြစ်ပြီး ကန့်သတ်ထားသော ရက်မရှိဘဲ ထိုရောဂါအမျိုးအစား ဆက်ဖြစ်နေမည့် အခြေအနေရှိရမည်။

ကုသစောင့်ရှောက်မှု အဆင့်နှင့် ကိုက်ညီရမည်။ ကုသစောင့်ရှောက်မှုအဆင့်ကို လူ့ဘဝတွင် အဓိကကျသော ကဏ္ဍခြောက်မျိုးကို စစ်ဆေးခြင်းဖြင့် ဆုံးဖြတ်သည်။ ၎င်းတို့မှာ မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ လေ့လာသင်ကြားမှု၊ မိမိကိုယ်မိမိ လမ်းညွှန်မှု၊ မှီခိုကင်းစွာနေထိုင်နိုင်စွမ်း၊ ဘာသာစကားနားလည်မှုနှင့် အသုံးပြုမှု၊ နှင့် ရွေ့လျားသွားလာနိုင်မှု များဖြစ်သည်။ လူ့ဘဝအတွင်း အဓိကကျသော ကဏ္ဍခြောက်မျိုးအနက် အနည်းဆုံးသုံးမျိုးတွင် နေထိုင်သွားလာရေးအတွက် ခိုင်လုံသည့် ကန့်သတ်ချက်များရှိကြောင်း ဖော်ပြရမည်။

လိုက်ဖက်ညီသော မယ်ဒီကိတ်အမျိုးအစား ရရှိရန်အတွက် သတ်မှတ်ချက် များနှင့်လည်း ကိုက်ညီမှုရှိရမည်။

သင့်အသက် 18 နှစ်အောက် ရှိပါက မယ်ဒီကိတ်ရရှိရန်အတွက် အိမ်ထောင်စုဝင်ငွေ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ မကြည့်ဘဲ ကလေး၏ဝင်ငွေ/စုဆောင်းထားသောပိုက်ဆံ များကိုသာ ထည့်စဉ်းစားပါမည်။ လူတစ်ဦးချင်း/မိသားစု အနေနှင့် လျှောက်လွှာမတင်ခင် ရက် 90 အတွက် ကျန်းမာရေးစရိတ် အာမခံပေးရန် တောင်းဆိုမည်ဆိုပါက အိမ်ထောင်စုဝင်ငွေ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ ထည့်စဉ်းစားပါလိမ့်မည်။

အောက်ပါဦးစားပေးမှု သတ်မှတ်ချက်များထဲမှ တစ်ချက်နှင့်လည်း ကိုက်ညီမှုရှိရမည်။

- သူနာပြုအဆောက်အအုံ၊ အချိန်ပြည့်ပံ့ပိုးမှု လိုအပ်သူများ အဆောက်အအုံနှင့် ပြည်နယ်အစိုးရ စီမံခန့်ခွဲသော အဆောက်အအုံ၊ စသည့်အဖွဲ့အစည်းမှ အများပြည်သူနေထိုင်ရာသို့ ကူးပြောင်းသောပုဂ္ဂိုလ်များ
- အုပ်စုလိုက်နေထိုင်ခြင်းဖြင့် ကုသမှု မလိုအပ်တော့ကြောင်း/ လက်ရှိကုမှုခံယူခြင်း မရှိကြောင်း ဆုံးဖြတ်ထားသည့် ပုဂ္ဂိုလ်များ
- ပြည်နယ်အစိုးရမှ 100 ရာခိုင်နှုန်း ထောက်ပံ့သည့် ဝန်ဆောင်မှုများမှ ကူးပြောင်းသောပုဂ္ဂိုလ်များ
- Department of Education ပညာရေးဦးစီးဌာန၊ Department of Child Services ကလေးဝန်ဆောင်မှုဌာန သို့မဟုတ် Supervised Group Living ကြီးကြပ်မှုရှိသော အုပ်စုလိုက်နေထိုင်ခြင်း အဖွဲ့များမှ အသက်ကန့်သတ်ချက် ပြည့်သွားသောပုဂ္ဂိုလ်များ
- ဉာဏ်စွမ်းရည်ဆိုင်ရာ မသန်စွမ်းမှုရှိသော ပုဂ္ဂိုလ်များအတွက် ပုဂ္ဂလိကပိုင် ကြားခံစောင့်ရှောက်မှု အဆောက်အအုံကြီးမှ ထွက်သွားရန် တောင်းဆိုသောပုဂ္ဂိုလ်များ
- အဓိက စောင့်ရှောက်မှုပေးသူ သေဆုံး၍ အခြားသော စောင့်ရှောက်မှု ပေးမည့်သူမရှိခြင်း
- အဓိက စောင့်ရှောက်မှုပေးသူအနေနှင့် အသက် 80 ထက်ကျော်ပြီး အခြားသော စောင့်ရှောက်မှု ပေးမည့်သူ မရှိခြင်း
- လက်ရှိဆေးရုံအဖွဲ့အစည်း သို့မဟုတ် ကြီးကြပ်မှု ရှိသော အုပ်စုလိုက်နေထိုင်ရာ နေရာတွင် မတရားကျင့်နှိပ်စက်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း အထောက်အထားရှိခြင်း
- ဌာနညွှန်ကြားရေးမှူး၏ ပြန်လည်ဆန်းစစ်မှုနှင့် အတည်ပြုချက်အရ ကျန်းမာရေးနှင့် ဘေးကင်းမှုအန္တရာယ် များလွန်းခြင်း
- ထောက်ပံ့မှုနေရာ တစ်နေရာ ရှိရမည်ဖြစ်ပြီး အခြားသော ရွေးစရာဝန်ဆောင်မှုများ မသင့်တော်ကြောင်း သို့မဟုတ် ဝန်ဆောင်မှုမရှိကြောင်း Bureau of Developmental Disabilities Services အဖွဲ့မှ ဆုံးဖြတ်ချက် ချထားသည်ဟု သိထားရန် အရေးကြီးပါသည်။

BDDS
Indiana Bureau of Developmental Disabilities Services

# အချက်အလက် စာရွက်

## Community Integration and Habilitation Waiver
## လူ့အသိုင်းအဝိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘဝတည်ဆောက်ရေး သက်ညှာခွင့်အစီအစဉ် အကြောင်း(အဆက်)

**Division of Disability and Rehabilitative Services**
*Bureau of Developmental Disabilities Services*

### Community Integration and Habilitation Waiver အစီအစဉ်မှ မည်သည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသနည်း။

Community Integration and Habilitation Waiver အစီအစဉ်အနေနှင့် လူကိုဗဟိုထားသော အခြေခံသဘောတရားများ အပေါ်အခြေခံ၍ ရွေးချယ်ပြီး ခွင့်ပြုချက်ရထားသော မယ်ဒီကိတ် ဝန်ဆောင်မှုပေးသူတစ်ဦးမှ အိမ်နှင့် လူ့အသိုင်းအဝိုင်း နေရာများတွင် ဆောင်ရွက်ပေးရန် ဖြစ်သည့် ဝန်ဆောင်မှု အမျိုးမျိုးပေးပါသည်။ လက်ရှိဝန်ဆောင်မှုများတွင် ပါဝင်သောအရာများ။

- အသက်ပြည့်သူအတွက် နေ့ခင်းပိုင်းဝန်ဆောင်မှုများ
- အပြုအမူဆိုင်ရာ ပံ့ပိုးမှုပေးသောဝန်ဆောင်မှုများ
- ကိစ္စရပ်စီမံဆောင်ရွက်မှု
- လူစုအသိုင်းအဝိုင်းကို အခြေခံသော ဘဝထူထောင်ရေး – အုပ်စုလိုက်
- လူစုအသိုင်းအဝိုင်းကို အခြေခံသော ဘဝထူထောင်ရေး – တစ်ဦးချင်း
- လူ့အသိုင်းအဝိုင်းသို့ ကူးပြောင်းမှုများ
- အီလက်ထရွန်နစ်ဖြင့် စောင့်ကြည့်ခြင်း ပတ်ဝန်းကျင် ပြင်ဆင်မွမ်းမံခြင်း တိုးချဲ့ပေးသော ဝန်ဆောင်မှုများ
- အဆောက်အအုံကို အခြေခံသော ဘဝတည်ဆောက်မှု – အုပ်စုလိုက်
- အဆောက်အအုံကို အခြေခံသော ဘဝတည်ဆောက်မှု – လူတစ်ဦးချင်းအလိုက်
- အဆောက်အအုံကို အခြေခံ၍ ပံ့ပိုးမှုပေးသော ဝန်ဆောင်မှုများ မိသားစုနှင့် စောင့်ရှောက်မှုပေးသူ သင်တန်း အပြုအမူဆိုင်ရာ အာရုံစိုက်ကုသမှု
- တေးဂီတကုထုံး
- လှုပ်ရှားဆောင်ရွက်မှုကုထုံး
- တစ်ဦးချင်း အရေးပေါ် တုံ့ပြန်မှုစနစ် ကိုယ်လက်လှုပ်ရှားမှုကုထုံး
- စိတ်ပိုင်းဆိုင်ရာကုထုံး အလုပ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ
- အပန်းဖြေသောကုထုံး
- ဆွေမျိုးချင်းမတော်ဘဲ တစ်အိမ်ထဲအတူနေပေးသော စောင့်ရှောက်မှုပေးသူအတွက် အိမ်ငှားခနှင့်အစားအစာ
- အိမ်တွင် ဘဝထူထောင်ရေးနှင့် ပံ့ပိုးမှု
- အပန်းဖြေခွင့်ပေးခြင်း
- အထူးထုတ်လုပ်သော ကျန်းမာရေးကုသမှု ကိရိယာနှင့် ပစ္စည်းများ
- နှုတ်အပြောအဆို/ဘာသာစကား ဆိုင်ရာကုထုံး
- စနစ်တကျ ထိန်းချုပ်ထားသော မိသားစုဝင်မှ စောင့်ရှောက်မှုပေးခြင်း
- သယ်ယူပို့ဆောင်ရေး
- ကျန်းမာခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု
- အလုပ်ခွင်တွင်  ကူညီပံ့ပိုးခြင်း

### မိမိအနေနှင့် မည်သို့လျှောက်လွှာ တင်ရသနည်း။

သင့်ဒေသဆိုင်ရာ BDDS ရုံးကိုဆက်သွယ်ပြီး လျှောက်လွှာတစ်စောင် တောင်းဆိုနိုင်သည်။ သင့်အနေနှင့် Community Integration and Habilitation Waiver အစီအစဉ်အတွက် လျှောက်လွှာတင်ရန်ဖြစ်ကြောင်း BDDS ရုံးကိုပြောပြရန် အရေးကြီးပါသည်။ သင့်ဒေသဆိုင်ရာရုံးကို ရှာဖွေရန်အတွက် **800-545-7763** သို့ဖုန်းဆက်ပါ၊ သို့မဟုတ် **http://www.in.gov/fssa/ddrs/4088.htm** တွင်ဖတ်ရှုပါ။ သင့်မေးခွန်းများကို ဖြေကြားရန်အတွက် Bureau of Developmental Disabilities Services ဝန်ထမ်းများ ရှိပါသည်။

*Division of Disability and Rehabilitation Services Bureau of Developmental Disabilities Services အစီအစဉ်အနေနှင့် လူတစ်ဦးချင်းနှင့် မိသားစုများ ရင်ဆိုင်ရသော စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး လူ့အသိုင်းအဝိုင်းတွင် နေထိုင်ခြင်း၊ ချစ်ခြင်း၊ အလုပ်လုပ်ခြင်း၊ ကစားခြင်းနှင့် အိပ်မက်များ ဖြည့်ဆည်းခြင်း၊ စသည့်လူတစ်ဦး၏ အခွင့်အရေးကို တန်ဖိုးထားပါသည်။*

**Indiana Family & Social Services Administration**
**402 W. WASHINGTON STREET, ROOM W453**
**INDIANAPOLIS, INDIANA 46204-2739**
**www.fssa.IN.gov | www.in.gov/fssa/ddrs/2639.htm**

Indiana Family and Social Services Administration
အဖွဲ့အနေနှင့် လူမျိုး၊ အသားအရောင်၊ ယုံကြည်ကိုးကွယ်မှု၊ လိင်၊ အသက်၊ မသန်စွမ်းမှု၊ မူရင်းနိုင်ငံ သို့မဟုတ် မျိုးရိုးအပေါ်  အခြေခံ၍ ခွဲခြားဆက်ဆံမှုများမလုပ်ပါ။

FSSA 1078 (6-18) #5674

BDDS
Indiana Bureau of Developmental Disabilities Services